# ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၏ ဘုရားရှိခိုး



**ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊ ကာလံ ကရောန္တော အတိဒုက္ကရာနိ။**
**ခေဒံ ဂတော လောကဟိတာယ နာထော၊ နမာမ မဟာကာရုဏိကသ္သ တသ္သ။**

**ယော နာထော** – ဝေနေယျများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား လိုလားတောင့်တ
ဂုဏ်ပေါင်းခသဖြင့် နာထမည်ငြား အကြင်ရှင်တော်မြတ်ဘုရားသည်
**ကပ္ပကောဋီဟိပိ** – ကုဋေကမ္ဘာ အရေတွက်သင်္ချာတို့ဖြင့်သော်လည်း
**အပ္ပမေယျံ** – ရေတွက်တိုင်းတာ ဖော်ပြခြင်းငှာ မစွမ်းနိုင်ပါသော
**ကာလံ** – လေးအသင်္ချေ သိန်းနေကမ္ဘာ ရှည်ကြာသော ကာလပတ်လုံး
**လောကဟိတာယ** – သတ္တလောက၏ အကျိုးစီးပွားအလို့ငှာ
**အတိဒုက္ကရာနိ** – ဥစ္စာအသက် ခြေလက်အင်္ဂါ မေတ္တာကြီးမားသမီးသားနှင့် သက်ထားဇနီး
စွန့်ခြင်းကြီးဟု ကြက်သီးထဖွယ် ငါးသွယ်အစု အလွန်ခဲယဉ်းသော အမှုတို့ကို
**ကရောန္တော** – ဘုရားဖြစ်ရန် ရည်သန်ကြိုးကုတ် အားထုတ်တော်မူရသည် ဖြစ်၍
**ခေဒံ** – လက်ခြေမျက်လုံး အသက်ဆုံးလျက် နှလုံးစိတ်ဝမ်း ကိုယ်တော်၏ ပင်ပန်းခြင်းသို့
**ဂတော** – ဘဝအတန်တန် ကြိမ်ဖန်များစွာ ရောက်တော်မူခဲ့ရ ရှာလေပြီ
**မဟာကာရုဏိကသ္သ** – သတ္တဝါအများ ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် မဟာကရုဏာရှင်
ဖြစ်တော်မူသော
**တသ္သ နာထသ္သ** – ဝေနေယျများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား လိုလားတောင့်တ
ဂုဏ်ပေါင်းခသဖြင့် နာထမည်ငြား ထို ရှင်တော်မြတ်ဘုရားအား
**နမာမ** – ရိုသေ ပျောင်းပျော့ မာန်ကို လျှော့၍ ကန်တော့ ရိုကျိုးရှိခိုးခြင်းသည်
**အတ္ထု ဘဝတု** – စင်စစ်မသွေ ဖြစ်ပါစေသတည်း။

“သာဓု .. သာဓု .. သာဓု”